မုံအိုကျေးရွာ

ဝက်လူးအိုင်ကျေးရွာအုပ်စု၊ ဘုတလင်မြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မုံအိုကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဘုတလင်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဇူလိုင်လ၊ ၂၀၁၈

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

၁။ **တည်နေရာနှင့် ပထဝီအနေအထား**

မုံအိုကျေးရွာသည် စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ် ဘုတလင်မြို့နယ်၏ ဝက်လူးအိုင် ကျေးရွာ အုပ်စု၊ဘုတလင်မြို့နယ်အနောက်ဘက်မြို့နယ်၏ အစွန်းဆုံး ကနဲ၊ ဘုတလင်မြို့ ဆက်သွယ်ဖောက် လုပ်ထားသော ကားလမ်းမကြီး၏ တောင်ဘက်မလှမ်းမကမ်းတွင် တည်ရှိပါသည်။ မုံအိုကျေးရွာသည် တောင်မြောက်ရှည်လျား၍ အရှေ့အနောက်ကျည်းမြောင်းပြီး ကမ်းဆင်းကမ်းဆက်များသော ဒေသတွင်တည်ရှိသောကြောင့် မိုးတွင်းကာလများတွင် ရေတိုက်စားခြင်းတို့ကြောင့် လမ်းများပျက်စီးလေ့ရှိပါသည်။

၂။ **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

ကျေးရွာ၏ နှစ်စဉ်မိုးရေချိန်လက်မ(၄၀)လက်မခန့်ရှိပါသည်။ ကျေးရွာရှိ သဘာဝပေါက်ပင်များမှာ မျှစ်ဝါး၊ ညောင်ပင်၊ ကုက္ကိုပင်၊ မန်းကျည်းပင်၊ သန်းပင်၊ ဒဟတ်ပင်၊နှောပင်နှင့်ထန်းပင်စသော အပင်များ ပေါက် ရောက်လေ့ရှိပါသည်။ မိုးကောင်းဒေသဖြစ်ပြီး မိုးစပါးစိုက်ပျိုးလယ်ဧက(၅၉၉)ဧက၊ နှမ်း၊ပြောင်း၊ ပဲမျိုးစုံစသော စိုက်ပျိုး ယာ(၁၀၃၃)ဧကနှင့်နှစ်ရှည်သီးနှံပင်များဖြစ်သော ငှက်ပျော၊သရက်၊ လျှော်ဖြူ(ခေါ်) ဆေးကုလားမ၊ ပဲနွေစသော ဥယျာဉ်ခြံမြေ(၁၁၇)ဧကရှိပါသည်။မိုးကောင်းဒေသဖြစ်၍ မြေအောက် ရေရှားပါး မှုကြောင့် သဘာဝမိုးကောင်း စပါး များကို အလျင်းသင့်သလို ရာနှုန်းပြည့် မသေချာသော်လည်း စိုက်ပျိုး ကြရပါသည်။

၃။ **ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေး၊နာရေးကိစ္စများတွင် ဝိုင်းဝန်း ဆောင်ရွက် ကြပါသည်။ အမျိုးသား/အမျိုးသမီးလူငယ်အဖွဲ့၊ ချက်ပြုတ်ရေးအတွက် အိုးသုကြီးများအဖွဲ့၊ ရွာဦး ဘုန်းတော်ကြီး ကျောင်းတွင် ဆောင်ရွက်လျက်ရှိကြသော ကျောင်းဝေယျာဝစ္စအဖွဲ့နှင့်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအဖွဲ့တို့ရှိ ပါသည်။သို့သော် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှာ ဆောင်ရွက်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ

အတွင်း လူကြီးလူငယ်တို့ဖြင့် ဖွဲ့စည်းထားသော အရံမီးသတ်တပ်ဖွဲ့သည် နွေရာသီမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်သည့်အနေဖြင့် မိမိတို့ကျေးရွာအတွင်းနှင့် အပြင်အနီးအနား ပတ်ဝန်းကျင်ရှိ အမှိုက်သရိုက်များ သန့်ရှင်းရေးများ ကြိုတင်ပြုလုပ်ခြင်း၊ အဝင်အထွက်လမ်း များရှင်းလင်း ခြင်းနှင့်ကိုယ်ထူကိုယ်ထ မီးသတ်ရေပန့်စက်များကို ကြိုတင်စစ်ဆေးခြင်းများ ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် သာရေးသော်လည်းကောင်း၊ နာရေးသော် လည်းကောင်း ၎င်းလူမှုရေး ကိစ္စပေါ်ပေါက် လျှင်လည်း ရွာသူရွာသားများမှ စည်းလုံးညီညွတ်စွာ တက်ညီ လက်ညီ ကဏ္ဍအသီးသီးတွင် ဝိုင်းဝန်းပါဝင် ဆောင်ရွက် လေ့ရှိကြသော မွေးရာပါ အလေ့အထကောင်းများ ကိုယ်စီကိုယ်ငှ ရှိကြပါသည်။ ပြင်ပမှအစိုးရ မဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့ရှိပါ သည်။ သို့သော် လုပ်ငန်းဦးတည်ချက်ပေါ်မူတည်၍ ပွင့်လင်းမြင်သာစွာ ကျေးရွာပြည်သူလူထု၏ ရွေးချယ် မှု ဖြင့် အသစ်ပြန်လည်ဖွဲ့စည်းလေ့ရှိပါသည်။ခြုံငုံသုံးသပ်ရလျှင် သာရေး၊ နာရေးဆောင်ရွက်ရန် မိရိုးဖလာ လုပ်ကိုင် လာကြသူများနှင့်အတူ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအနေဖြင့် မဟုတ်ပဲလူမှုရေးအရ အတူတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်ပါသည်။ မိုးစပါးစိုက်ပျိုး နိုင်သော်လည်း မိုးကောင်းဒေသဖြစ်၍ ရာနှုန်းပြည့် မသေချာသော်လည်း စိုက်ပျိုးကြပါသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံများမှာ စပါး၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ နှမ်း၊ မတ်ပဲ၊ မြေပဲစသည်တို့ စိုက်ပျိုးခြင်း ဖြစ်သည်။ ကျေးရွာတွင် မိုးစပါးစိုက်ပျိုးလယ်(၁၉၉)ဧကနှင့်ဥယျာဉ်ခြံစိုက်ပျိုးထားသော မြေ(၁၁၇)ဧကရှိပြီး ပဲမျိုးစုံ စိုက်မြေ(၁၀၃၃)ဧကစိုက်ပျိုးသည်။ပဲစင်းငုံ၊မြေပဲနှင့်ပြောင်းတို့ကို နယ်လှည့်လတွင် စိုက်ပျိုးသည်။မိုးစပါး ကို ဝါဆိုလတွင် မိုးကြိုအနေဖြင့် အခြောက်စိုက်ပျိုး၍ ပဲတီစိမ်းကို ဝါခေါင်လတွင် စိုက်ပျိုးသည်။ဆောင်းသီးနှံ များဖြစ်သော နှမ်း၊ မြေပဲ၊ မတ်ပဲတို့ကို တော်သလင်းလတွင် စိုက်ပျိုးသည်။မိုးစပါး၏ တစ်ဧကအထွက်နှုန်းမှာ ပျမ်းမျှ(၄၀)တင်းခန့်ရရှိသည်။မိုးစပါးနှင့်ဆီထွက်သီးနှံတို့သည် လုံလောက်မှုမရှိ၍ မရောင်းရပါ။ကျန်သီးနှံ များဖြစ်သော ပဲစင်းငုံ၊ပဲတီစိမ်း၊ မတ်ပဲ၊ မြေပဲစသည်တို့အတွက် ဈေးရောင်းမရရှိပါသဖြင့် လူငယ်မောင်မယ် များသည် အခြားနေရာသို့လည်းကောင်း၊ ပြည်ပသို့လည်းကောင်းထွက်၍ မိသားစုဝမ်းရေး အတွက် ဝင်ငွေ ရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံစိုက်ပျိုးရိတ်သိမ်းမှုတွင် လုပ်သားအင်အား ရှားပါးသောကြောင့် လုပ်အားခပို၍ ပေးဆောင်ကြရပါသည်။မုံရွာကျေးရွာ၏ လုပ်ငန်းခွင်မြေများသည် အများအားဖြင့် မြေပြန့် ဒေသနည်းပါးပြီး ကုန်းမြေနှင့်ခြောက်ကမ်းပါးကြားတွင် ထွန်ယက်စိုက်ပျိုးကြရပြီး အနိမ့်ပိုင်းတွင်လည်း ရေလောင်တမန်ဆည်မြောင်းမရှိခြင်း မြေအောက်ရေတွင်းတူးရန်လည်း ကုန်ကျစရိတ် မတတ်နိုင်သော ကြောင့် သဘာဝမိုးရေကိုသာ အားကိုးအားထားပြု၍ လုပ်ကိုင်ကြရပါသည်။

အခြားသားငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့်လည်း ကျေးရွာမှအိမ်ထောင်စုများသည် တပိုင်တစ်နိုင် မွေးမြူရေးလုပ်ကိုင်မှုနည်းပါးပါသည်။သိုးမွေးမြူရေးတွင် ကျေးရွာအိမ်ထောင်စု၏(၀.၀၂)ရာခိုင်နှုန်း၊ ဆိတ် မွေးမြူရေးတွင်အိမ်ထောင်စု(၀.၀၃)ရာခိုင်နှုန်း၊ ဝက်မွေးမြူရေးတွင် အိမ်ထောင်စု(၂၅)ရာခိုင်နှုန်းနှင့် ဘဲ မွေးမြူရေးသည် ပို၍နည်းပါးပါသည်။အကြောင်းအရင်းမှာ သိုးဆိတ်တို့အတွက် စားကျက်မြေလုံလောက်မှု မရှိခြင်းကြောင့် ကြက်၊ ဝက်၊ ဘဲတို့မွေးမြူရာမှာလည်း နည်းစနစ်မသိခြင်းတို့ကြောင့် ဖြစ်ပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေတို့ကို အိမ်ထောင်စုများ၏ (၇၅)ရာခိုင်နှုန်းသည် ကိုယ်ပိုင် စက်တပ်ရေတွင်း သုံးစွဲကြပြီး ကျန်အိမ်ထောင်စုအနည်းငယ်တို့သည် နီးစပ်ရာအိမ်များတွင် လပြတ်သော် လည်းကောင်း၊ ပုံးအရေအတွက်သော်လည်းကောင်းမများသော နှုန်းထားဖြင့် ဝယ်ယူသုံးစွဲကြသည်။

ကျေးရွာမီးလင်းရေးကော်မတီသည် ၂၀၁၆ခု ဒီဇင်ဘာလတွင် ကိုယ်ထူကိုယ်ထလျှပ်စစ် မီးလင်းရေးဆောင်ရွက်ရန် ဖွဲ့စည်းခဲ့ပါသည်။မိမိတို့ကျေးရွာရှိ အိမ်ထောင်စုများ လစဉ်မီးလင်းရေးစီမံချက်ဖြင့် သတ်မှတ်စုဆောင်းငွေထည့်ဝင်ပြီး မြို့နယ်လျှပ်စစ်ဌာနသို့ တင်ပြ၍ ကိုယ်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးဆောင်ရွက်နေခြင်းဖြစ်သည်။မိမိတို့စေတနာအလျောက်သတ်မှတ်ထည့်ဝင်ရန် သဘောတူထားသော ငွေကြေးအင်အား နှင့်ခန့်မှန်းကုန်ကျစရိတ်သို့ ပြည့်မီရန် ထည့်ဝင်နိုင်ခြင်းမရှိသေးသောကြောင့် လျှပ်စစ်မီးကြိုးများနှင့် ခါတ်တိုင်များကို လိုင်းဆွဲသွယ်တန်းနိုင်ရန် အခက်အခဲများရှိနေပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအနေဖြင့် လိုအပ်သော ချေးငွေပမာဏကို ကောက်ပဲသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် မြန်မာလယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ လယ် တစ်ဧကလျှင် (၁၅၀၀၀၀/-)ကျပ်နှင့် အခြားကုန်မြေတစ်ဧကလျှင် (၂၀၀၀၀/-) ကျပ်နှုန်းဖြင့် အတိုးနှုန်း သက်သာစွာ ထုတ်ချေးပါသည်။ ကျေးရွာတွင်းတွင်လည်း အခြားအဖွဲ့အစည်းမှ နည်းပညာများ ပို့ချ၍ ငွေစုငွေချေးစနစ်ဖြင့်လည်း လေးလတစ်ကြိမ် လည်ပတ်လျက်ရှိပြီး ကျေးရွာမှ ကျေးရွာ ပိုင်ငွေ ပိုငွေလျှံ အနည်းငယ်ကိုလည်း တစ်နှစ်တစ်ကြိမ်အတိုးနှုန်းသက်သာစွာ လည်ပတ်လျက်ရှိပါသည်။ ကျေးရွာ၏ ရှေးရိုးစံမှုကြောင့် အခြားဝင်ငွေကောင်းသော စိုက်ပျိုးရေး မွေးမြူရေး တပိုင်တနိုင် စီးပွားရေးဆိုင်ရာ အသိပညာဗဟုသုတ နည်းပါးမှုကြောင့် သမရိုးကျမဟုတ်သော စိုက်ပျိုးရေး နည်းပညာမွေးမြူရေး နည်းပညာများ သဘာဝဗေဒဆီမြေဩဇာများမပျက်မစီးမဆုံးရှုံးရလေအောင် စနစ်တကျ နည်းပညာများ အင်မတန်လိုအပ်လှပါသည်။

(c) ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်တင့်သာရှိကြောင်းတွေ့ရှိရပါသည်။ ရွာသူရွာသားအများစုသည် အရေးအဖတ်အချက်မျှသာ တတ်မြောက်ကြပြီး တက္ကသိုလ်ဘွဲ့ရ ပညာတတ်အနည်းငယ်သာရှိ ပါသည်။ ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲရှိလာသောကြောင့် အရင်ကနှင့်စာရင် ယခုအခါ ကျောင်းနေပညာတတ်လူငယ်များ အရောင်သန်းလာသည်ကို တွေ့မြင်ရပါသည်။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှုလျော့ကျစေရန် သက်ဆိုင်ရာနှင့်အခြားအဖွဲ့အစည်းတို့ကလည်း ရံဖန်ရံခါ အသိပညာပေးဟောပြောပွဲများ လုပ်ပေး၍ ကူးစက်ရောဂါဖြစ်ပွားမှုနှုန်း အလွန်နည်းပါးပါသည်။ဥပမာ- HIVရောဂါ၊ တီဘီရောဂါ၊ သွေးလွန် တုတ်ကွေးရောဂါ၊ ဆင်ခြေထောက်ရောဂါနှင့်ငှက်ဖျားရောဂါတို့အကြောင်း ဆွေးနွေးဟောပြောလေ့ရှိပါသည်။ နှစ်စဉ် မိုးရာသီတွင် သွေးလွန်တုတ်ကွေးဖြစ်တတ်ပြီး ရာသီတုတ်ကွေးလည်း အနည်းငယ် ဖြစ်တတ်ပါသည်။ ကောက်ပဲသီးနှံများ အသင့်တင့်စိုက်ပျိုးထွက်ရှိခြင်းနှင့်ပြည်တွင်းပြည်ပ အလုပ်အကိုင် အသင့်တင့် အဆင်ပြေ မှုတို့ကြောင့် ကျေးရွာသူကျေးရွာသားများ ကလေးသူငယ်မောင်မယ်များအပါအဝင် ယေဘုယျာ အားဖြင့် အာဟာရချို့တဲ့မှုမရှိသလောက်ပင်ရှားသည်။ အမျိုးသမီးများအတွက်လည်း ကျန်းမာရေး စောင့်ရှောက်မှုမှာ ကျေးရွာအတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနခွဲတွင်လည်းကောင်း ကျေးရွာနှင့်(၂)မိုင် သာသာခန့်ဝေးသော တိုက်နယ်ဆေးရုံသို့လည်းကောင်း လွယ်သူစွာရရှိနိုင်သည်။ကျေးရွာရှိဆေးပေးခန်းတွင် ကျန်းမာရေး ဝန်ထမ်း(၁)ဦးရှိပြီး အခြေခံကျန်းမာရေးစောင့်ရှောက်ခြင်းဝန်ဆောင်မှုများလည်းရှိပါသည်။ ကလေးသူငယ် များအတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ဆေးထိုးဆေးအစီအစဉ်များကိုလည်း ကျေးရွာလူထုနှင့် ပူးပေါင်း၍ ကျန်းမာရေးဌာနမှ လစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှလယ်ယာမြေများသည် နှစ်စဉ် စပါးနှင့်အခြားကောက်ပဲသီးနှံများစိုက်ပျိုးခြင်းအတွက် ဓါတုဗေဒကွန်ပေါင်းဓါတ်မြေဩဇာများကို များစွာအသုံးပြုလာခြင်း၊ သဘာဝမြေဩဇာများဖြစ်ကြသော သစ်ဆွေး၊ နွားချေး၊ သိုးချေးနှင့်ဆိတ်ချေးများကို နှစ်စဉ်မထည့်သွင်းမသုံးစွဲခြင်းတို့ကြောင့် မြေဆီလွှာဂုဏ်သတ္တိ ယွင်းမှုများနှင့်ကြုံတွေ့ရသည်။ဆောင်းသီးနှံများဖြစ်ကြသော ပဲမျိုးစုံစိုက်ခင်းများတွင် ပိုးသတ်ဆေးများ၊ လုပ်သားအင်အားရှားပါးမှုကြောင့် ပေါင်းသတ်ဆေးများစွာအသုံးပြုမှုတို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုရှိပါသည်။ၔင်းဆေးများသုံးစွဲရာတွင် ဘေးထွက်ဆိုးကျိုးဓါတ်ကြွင်းအန္တရာယ်များ လျော့ပေါ့ရေးအ တွက် ဘေးကင်းလုံခြုံမှုရှိစေရန် သုံးစွဲနည်းပညာပို့ချဆောင်ရွက်ခြင်းမရှိသေးသောကြောင်းတွေ့ရှိရပါသည်။ အနိမ့်ပိုင်းရှိချောင်းမြောင်းများတိမ်ကောလာခြင်းကြောင့် မိုးရာသီအဆက်မပြတ်ရွာသွန်းလျှင် စပါးခင်းများ ရေနစ်ခံရသောကြောင့် အချို့တောင်သူများ၏ စပါးခင်းများရေနစ်ပျက်စီး၍ နောက်တစ်ကြိမ်သော်လည်း ကောင်း လုံးဝမှပြန်လည်စိုက်ပျိုး၍မရခြင်းများလည်း ကြုံတွေ့ကြရပါသည်။

(ဇ) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ အဝတ်လျော်၊ အိမ်တွင်းသန့်ရှင်းရေး၊ ကလေးထိန်းခြင်းစသောကိစ္စရပ်များကို များသောအားဖြင့် ဆောင်ရွက်ကြသည်။ အမျိုးသားများက တောင်ယာရှင်းလင်းခြင်း၊ထွန်ယက်ခြင်းများ ဆောင်ရွက်ပြီး အမျိုးသမီးများက ပဲမျိုးစုံစိုက်ပျိုးခြင်း၊ ပေါင်းနှုတ်ခြင်း၊ ပေါင်းပေါက်ခြင်း၊ စွခြင်းစသည်တို့ ကိုယ်စီကိုယ်ငှဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်နှင့်အခြားအလုပ်အကိုင်လုပ်ငန်းခွင်များတွင် အမျိုးသားများက အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိပါသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှု ကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါးကြောင်း တွေ့ရှိရပါသည်။ မူလတန်းကျောင်းပညာရေးမှတက္ကသိုလ်ပညာရေးအထိ ကျားမတန်းတူအခွင့်အရေးရှိခြင်း၊ ကျေးရွာတွင် မည့်သည့်ကိစ္စရပ်မဆို မည်သည့်အကြောင်းအရာမဆို ပွင့်လင်းမြင်သာမှုမရှိပါက မည်သူမဆို မည်သူကိုမဆို ကျား-မတန်းတူအခွင့်အရေးအနေဖြင့် ပြောရေး ဆိုခွင့်ရှိသည်။ ပြောဆိုထောက်ပြခွင့်လည်းရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေး အဆင့်
၁	လမ်းတံတား	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၁
၂	လျှပ်စစ်	ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေး	၂
၃			

နှစ်အလိုက် ဦးစားပေးစီမံချက်

ကျေးရွာအုပ်စု၊ ဝက်လူးအိုင်၊ မုံအိုကျေးရွာ၊ ဘုတလင်မြို့နယ်

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကျေးရွာတွင်းကွန်ကရစ်လမ်း ခင်းခြင်း	၁	Â				
၂	ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေး	၂		Â			

ကျေးရွာဦးစားပေးစီမံချက်များ

မြို့နယ် ဘုတလင် ကျေးရွာ မုံအို

စဉ်	စီမံချက်အမည်	ရမှတ်	ဦးစားပေးအဆင့်
၁	ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း	၁၀၀	၁
၂	ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေး	၉၀	၂
၃			၃
၄			
၅			
၆			
၇			
၈			
၉			
၁၀			
၁၁			
၁၂			

ပြုစုသူအမည် - ဦးလှဦး ဖုန်းနံပါတ် - ၀၉-၉၇၈၉၉၃၅၆

ဖွံ့ဖြိုးရေးဗျူဟာ ၈ယား

ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားများ	ဖြေရှင်းမည့် နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ရွာတွင်းလမ်းများ မကောင်းခြင်း၊ ရွာချင်းဆက်လမ်း မကောင်းခြင်း	မြေသားလမ်းများဖြစ် နေကြခြင်း၊ ရေစီးရေ လာမကောင်းခြင်း	ရေစီးရေလာကောင်းစေရန် ရေနှုတ်မြောင်းများတူးဖော်ခြင်း ကျေးရွာနေပြည်သူလူထုစည်း လုံးညီညွတ်ခြင်း	ငွေကြေးချို့တဲ့ခြင်း၊ စိတ်ပါဝင်စားမှုအားနည်းခြင်း	မိမိကျေးရွာတွင်ကော်မတီဖွဲ့စည်း ပြီးမြို့နယ်ကျေးလက်ဌာနနှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း	ကျေးရွာတွင်းကွန်ကရစ် လမ်းခြင်း
လျှပ်စစ်မီးမသုံးစွဲ နိုင်ခြင်း	မဟာဓါတ်အားလိုင်းနှင့် အလှမ်းဝေးခြင်း ငွေကြေးမတတ်နိုင်ခြင်း	ကျေးရွာမီးလင်းရေးကော်မတီ ဖွဲ့စည်းထားခြင်း၊တစ်လတစ် ကြိမ်ငွေစုဆောင်းထားခြင်း	ငွေကြေးမတတ်နိုင်ခြင်း စည်းလုံးမှုအားနည်းခြင်း	ကျေးရွာကော်မတီဖွဲ့စည်းပြီး မြို့နယ်သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မည်။	ကျေးရွာမီးလင်းရေး မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်း

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၁၀	၁၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၄	၂၇	၆၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၂	၃၃	၆၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၄	၃၁	၅၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၆၄	၄၀၀	၈၆၄
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၃၀	၆၉	၁၀၀
စုစုပေါင်း		**၄၉၀**	**၅၇၀**	**၁၀၆၀**
စုစုပေါင်း အိမ်ထောင်စု		၂၁၂		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နို့စို့အရွယ်(၁၅)ဦး၊ ၅နှစ်အောက်ကလေးငယ်(၆၁)ဦး၊ မူလတန်းကျောင်းသား အရွယ်(၆၅)ဦး၊ အလယ်တန်းကျောင်းသားအရွယ်(၅၅)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ်(၈၆၄)ဦးနှင့်သက်ကြီးရွယ်အို(၁၀၀)ဦးရှိပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၁၉၉	သင့်	မရ	
ယာမြေ	၁၀၃၃	သင့်	မရ	
ဥယျာဉ်ခြံမြေ	၁၁၇	သင့်	မရ	
အိမ်ခြံဝင်းစိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၁၃၄၉			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ကျေးရွာ၏ မြေအနေအထားသည် မညီညာပေ။ ကုန်းကျင်းချိုင့်ဝှမ်းများကို လုပ်ကိုင်ရသည်။လယ်မြေမှာ မိုးကောင်းတောများဖြစ်သည်။ အနိမ့် ချိုင့်ဝှမ်းများတွင် ဥယျာဉ်ခြံအချို့နှင့်ယာတောအချို့ရှိပါသည်။အများအားဖြင့်သင့်တင့်ရှိသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	မရှိ	
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	မရှိ	
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	သင့်	
ပျမ်းမျှအပူချိန် -	ပျမ်းမျှ မိုးရေချိန် -	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။။။ ကျေးရွာတွင် သတ္တုနှင့်အခြား တွင်းထွက် သယံဇာတများမထွက်ရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	ဖွံ့ဖြိုးရေး ကော်မတီ	၁□ ၂□ ၃□	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	
၂	ကာလသား အဖွဲ့	၁□ ၂□ ၃□	ပညာရေး□ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး□	

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
			စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□Â လုံခြုံရေးနှင့် ကာကွယ်ရေး□	
၃	အိုးသူကြီးအဖွဲ့	၁□ ၂□Â ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □Â လုံခြုံရေးနှင့် ကာကွယ်ရေး □	-
၄	အမျိုးသမီးအဖွဲ့	၁□ ၂□Â ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □Â လုံခြုံရေးနှင့် ကာကွယ်ရေး □	-
၅	လူငယ်ပရဟိအဖွဲ့	၁□ ၂□Â ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □Â ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □Â လုံခြုံရေးနှင့် ကာကွယ်ရေး □	-
၆	မိခင်နှင့်ကလေးသူငယ်အဖွဲ့	၁□ ၂□Â ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □Â ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □Â လုံခြုံရေးနှင့် ကာကွယ်ရေး □	-
၇	ရေနှင့်ပတ်ဝန်းကျင်းသန့်ရှင်းရေး	၁□ ၂□Â ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □Â ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □Â လုံခြုံရေးနှင့် ကာကွယ်ရေး □	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ကျေးရွာတွင် ရွာတွင်းအဖွဲ့အစည်းများ ဖွဲ့စည်းထားပါသည်။ အဆိုပါအဖွဲ့များသည် တဖွဲ့နှင့်တဖွဲ့ သီးခြားလုပ်ကိုင်ပြီး ချိတ်ဆက်မှုနည်းပါးပါသည်။ ငွေစုငွေချေးအဖွဲ့များရှိပြီး ကျေးရွာပိုင်နှင့်ဘာသာရေးပိုင်ငွေကို တနှစ်တကြိမ်မှန်မှန်ရှင်းပြီး ပြင်ပအကူအညီ နှင့်ငွေစုငွေချေးကိုတော့(၃)လတကြိမ်မှန်မှန်စာရင်းရှင်းသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၅ကေနှင့် အထက်	၁၀ကေအောက်	မပိုင်	မပိုင်
အိမ်အခြေအနေ	နှစ်ထပ်တိုက်၊ သွပ်မိုး	တစ်ထပ်တိုက် သွပ်မိုး	တစ်ထပ်တိုက် သွပ်မိုး	ထန်းရွက်မိုး ကပ်မိုးကပ်ကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ခြွေလှေ့စက်၊ ထွန်စက်ကြီး၊သေးလတ်	လက်တွန်းထွန်စက်၊ခိုင်းနွား	နွားလှည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	တောင်သူကြီး	တောင်သူ	အိမ်ဈေးဆိုင် ကျပန်းလုပ်သား	ကျပန်းအလုပ်သမား
အိမ်ထောင်စု	၉၄	၇၁	၄၇	-

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ကျေးရွာ၏ ဥစ္စာဓနအခြေအနေမှာ အိမ်ထောင်စုအများစုသည် ဒေသအလုပ်အကိုင်ရှားပါးသဖြင့် အခြားပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူများရှိသဖြင့် သင်တင့်သောအိမ်ထောင်စုများစွာရှိပါသည်။တောင်ယာလုပ်ကိုင်သူနည်းပါး

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၄၈	၂၃	မြေမဲ့ယာမဲ့
၂	၂.၅ကေအောက်(၁ ဟတ် တာထိ)	၂၆	၁၂	ဆင်းရဲသားတောင်သူ
၃	၂.၅ကေမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၄၇	၂၂	တောင်သူငယ်
၄	၅ဧကေမှ၁၂.၅ဧကကြား(၅ဟတ်တာထိ)	၅၉	၂၈	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက်(၅ဟတ်တာနှင့်အထက်)	၃၂	၁၅	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၂၁၂	၁၀၀	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊(၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ ကျေးရွာတွင် လူငယ်လူရွယ်ပေါများပြီး လူအရင်းအမြစ် များပေမဲ့ အခြားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြပါသည်။ ရာသီဥတုနှင့်သီးနှံ စျေးကွက်နိမ့်ပါး မိုးခေါင်သဖြင့် တောင်သူလုပ်ငန်းကို အများအားဖြင့် အမျိုးသမီးများက ဦးဆောင် ကြပါသည်။ မြေယာစာရင်းအင်းကိုတော့ မြေစာရင်းဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ကြပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု(နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
ပဲစင်းငုံ	၁၀၀	တင်း	၉	၁၂	၁၀	နည်း
ပဲတီစိမ်း	၄၅၀	တင်း	၅	၇	၆	သင့်
မြေပဲ	၂၈၀	တင်း	၄၀	၆၀	၅၀	သင့်
နှမ်း	၂၀၀	တင်း	၅	၇	၆	သင့်
ပြောင်း	၅၃	တင်း	၇	၁၀	၆	သင့်
စပါး	၅၀	တင်း	၂၀	၄၀	၃၀	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တောင်သူအများစုရှိပြီး အဓိကစိုက်ပျိုးသော ပဲစျေးကွက် ပျက်စီး သွားသဖြင့် ဝင်ငွေနည်းပါးမိသားစုဝင်လူငယ်များ တိုင်းတပါးသို့ သွားရောက်လုပ်ကိုင်သူများသဖြင့် လုပ်သား ရှားပါးပြီးလုပ်သားစျေးကွက်တန်စ်တခါစျေးတက်သဖြင့်အကျိုးအမြတ်နည်းပါးခြင်း၊ နွားချေး စျေးကောင်း သဖြင့်ရောင်းချရာတွင် ခိုင်းနွားများနည်းပါးလာပါသည်။ သာစျေးငါးစျေးကြီး၊ တောင်သူအချို့ လုပ်ငန်းများ အရင်နှင့်မတူ တဖြည်းဖြည်းစီတ်ဝင်စားမှုနည်းပါးလာပါသဖြင့် အခြားနိုင်ငံသို့ လုပ်ကိုင်သူပေါများလာ၊ မိမိရရှိ သီးနှံစျေးနည်းပြီး မိမိသုံးစွဲသော ဆေးနှင့်မြေဩဇာမြေဆီစျေးကြီးပြီး တောင်သူများ ငြီးငြူလာသည်ကို

တွေ့ရပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၁၁	၄၆၆
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်	၉	၂၃၅
သိုး	၈	၃၂၅
ဝက်	၄	၅
ကြက်	၄၇	၁၂၃၄
ဘဲ	၃	၉
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စုစာရင်းကောက်ယူရာတွင် တွေ့ရှိချက်များမှာ များသောအားဖြင့် တောင်သူများပြီး စီးပွားဖြစ်မွေးမြူသူ အနည်းငယ်သာတွေ့ရှိရပြီး အဓိက နွားမွေးမြူသူနည်းပါး၊ ရာသီဥတုနှင့် ကိုက်ညီသော သိုးနှင့်ဆိတ်ကို မွေးမြူသူသာရှိပြီး ကြက်၊ ဘဲမှာ အိမ်တွင်အသားစားရန်သာ မွေးကြသည်။ အင်းအိုင်များ ပျက်စီးသဖြင့် ရေနှင့်ပတ်သက်သော ငါးနှင့်ပုဇွန်မွေးမြူရေးမရှိသည်ကို တွေ့ရပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေ	ဝန်ထမ်း / အလုပ်သမား	မိသားစု ဝင်	ရပ်တည်နိုင်မှု (နှိမ့်၊လတ်၊မြင့်)နှင့်

		အတွက်	အရေအတွက်	လုပ်အား	ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး				
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း				
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ)				
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	၃		၃	နိမ့်
၈	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ ငွေချေး ခြင်း လုပ်ငန်းအပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ				
၁၂	ပညာရေး	၁	၉		နိမ့်
၁၃	ကျန်းမာရေး	၁	၁		နိမ့်
၁၄	လူမှုရေး လုပ်ငန်းများ	၅			နိမ့်
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော် ပြပါလုပ်ငန်းများမှအပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊ လူငယ်အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းရှင်များ အနေဖြင့် အိမ်ထောင်စုများမှာ တောင်သူများအနေဖြင့် (၂)ဦး၊(၃)ဦးသာတွေ့ရပြီး လူငယ်များမှာ အခြားနိုင်ငံများသို့ လုပ်ကိုင်ကြသူများ ပညာတတ်လူငယ်နည်းပါးသည်။ ရာသီထွက်ကုန်နည်းသဖြင့် သယ်ယူပို့ဆောင်ရေးနည်းပါးပါသည်။ မုံရွာမြို့နှင့်မလှမ်းဝေးသဖြင့် စျေးရောင်းနည်းပါးပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	ဘုတလင်မြို့	မုံရွာ
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီးရွေးချယ်ရန်)	၀ မှ ၁ မိုင် □ ၁ မှ ၅ မိုင် □ Â ၅ မှ ၁၀ မိုင်□ ၁၀မှ ၁၅မိုင် □ ၁၅ မိုင် အထက် □	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ Â ၂၁ မှ ၃၀ မိုင် □ ၃၀မှ ၅၀ မိုင် □ ၅၁ မှ ၁၀၀ □ ၁၀၀မိုင်အထက်□
သယ်ယူပို့ဆောင်ရေးနည်းလမ်း	ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် □ ကား/ထော်လာဂျီ□Â ရထား□ သုံးဘီးဆိုင်ကယ်□ လှေ□ စက်လှေ □	ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် □ ကား/ထော်လာဂျီ □Â ရထား □ သုံးဘီးဆိုင်ကယ် □ လှေ □ စက်လှေ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဒေသထွက်ကုန်ကောက်ပဲသီးနှံနှင့်ဥယျာဉ်ထွက် ၄က်ပျောသီးများကို မုံရွာသို့ ပို့ဆောင်သဖြင့် ကားကို အသုံးများပြီး နီးလျှင်ထော်လာဂျီသုံးစွဲ လမ်းပန်းဆက်သွယ်ရေးကောင်းသဖြင့် ရောင်းအား ကောင်းပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်းအမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက်သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁□Â ၂□ ၃□ ၄□ ၅□	ကောင်း□ သင့်□ Â ညံ့ □	ပွင့်လင်း ရာသီ □ တစ်နှစ်ပတ်လုံး□Â	၀-၁ မိုင် □ ၁-၅ မိုင် □ ၅-၁၀ မိုင် □ ၁၀မိုင်အထက်□ Â
ချဉ်းကပ်လမ်း	၁□Â ၂□ ၃□ ၄□ ၅□	ကောင်း□ သင့်□Â ညံ့□	ပွင့်လင်း ရာသီ □ တစ်နှစ်ပတ်လုံး□Â	၀-၁ မိုင် □ ၁-၅ မိုင် □ ၅-၁၀ မိုင် □ ၁၀မိုင်အထက်□ Â
ရွာချင်းဆက်လမ်း	၁□Â ၂□ ၃□ ၄□ ၅□	ကောင်း□ သင့်□ ညံ့□Â	ပွင့်လင်း ရာသီ □ တစ်နှစ်ပတ်လုံး□Â	၀-၁ မိုင် □ ၁-၅ မိုင် □Â ၅-၁၀ မိုင် □ ၁၀မိုင်အထက်□

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

လေ့လာတွေ့ရှိချက်။ ။ အများအားဖြင့် မြေသားလမ်းများသာရှိပါသည်။ မိုးနည်းဒေသဖြစ်၍ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်၊ ရွာချင်းဆက်လမ်းများမှာလဲမြေသားလမ်းဖြစ်ပြီး မြို့နှင့်မြို့နယ်ချိတ်ဆက်လမ်းမှာ ကတ္တရာလမ်း ဖြစ်သည်။တစ်နှစ်ပတ်လုံးအချိန်မရွေးသွားလာနိုင်ပါသည်။

(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး(မိုင်)အကွက်အောက်ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး(မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐ Â	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး☐ Â
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐ Â	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐Â

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရေကြောင်းအသုံးမပြုကြပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	–	–	၁၂၂	၂၀၅	၁	၃	၆	–	၁၁၃

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ သယ်ယူပို့ဆောင်ရေးအတွက် ထော်လာကျီနှင့်ကားကို အသုံးပြုသည်ကို တွေ့ရပြီး နွားလှည်းကိုတော့ တောင်သူအများစုအသုံးပြုပါသည်။လယ်ယာမှထွက်သည့် ပစ္စည်းစုကို လှည်းနှင့်သယ်ယူပြီး မြို့သို့ ပို့လျှင်ကားများဖြင့်သာ အသုံးပြုပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	
ဆိုလာစနစ်	၂၁၂
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	

ရင်းမြစ်	အိမ်ထောင်စု
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သောလျှပ်စစ်ဓာတ်အားပေးစနစ်	
လျှပ်စစ်မီးအသုံးမပြုနိုင်သော	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လျှပ်စစ်ရရှိရန် ဓါတ်အားလိုင်းနှင့်(၂) မိုင်နှင့်(၃)ဖာလုံသာဝေးသော်လည်း ယနေ့အချိန်တွင် အစိုးရမှစီမံကိန်းချလုပ်သောကြောင့် ငွေကို ဘဏ်တွင် လစဉ်စုဆောင်းပြီး လျှပ်စစ်မီးရရှိရန် ရွာရပ်မိရပ်ဖများနှင့်တရွာလုံးကြိုးစားပြီး မြို့နယ်နှင့်ချိတ်ဆက်လုပ်ဆောင် လျက်ရှိပါသည်။ နံပါတ်(၁) လိုအပ်ချက်မှလည်း လျှပ်စစ်မီးရရှိရန်ဖြစ်ပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	**၁၈၁**	**၉၆**	**၆၃**

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေမှာဖုန်း (၁၈၁)လုံး၊

ရေဒီယို(၉၆)လုံးနှင့်တီဗွီအလုံး(၆၃)လုံးကို အသုံးပြုလျက်ရှိပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၃၆	၃၅	၇၁
အလယ်တန်း	၁၉	၂၄	၄၃
အထက်တန်း	၁၅	၈	၂၃
တက္ကသိုလ်/ကောလိပ်	၂၁	၁၃	၃၄
စုစုပေါင်း	**၉၁**	**၈၀**	**၁၇၁**

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီး ကျောင်း သင်ပညာရေး"ကို သင်ယူ ဆည်းပူးနေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ် ထားသော ပညာရေး စနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ် ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ပညာရေးမှာ ကျေးရွာမှ ကိုယ်ထူကိုယ်ထကြိုးစားထူထောင်ထားသော ကျောင်းမှာ

ယခုအခါ အစိုးရ အလယ်တန်းကျောင်းခွဲအဆင့်သို့ တိုးတက်လာပြီး ပညာကိုလိုလားစွာ သင်ယူ လျက်ရှိပါသည်။ ကျောင်းဆရာ(၃)ဦး၊ ဆရာမ (၇)ဦးရှိပါသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	**(၁)**			**(၂)**			**(၃)**		
က။ ကျောင်းအဆင့်	မူလတန်း ☐ မူလွှန် ☐ အလယ်တန်း(ခွဲ) ☐ Â အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐			မူလတန်း ☐ မူလွှန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐			မူလတန်း ☐ မူလွှန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐		
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐		
ဂ။ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု	ခြေလျင် ☐Â စက်ဘီး ☐ Â ဆိုင်ကယ် ☐ Â ကား ☐			ခြေလျင် ☐Â စက်ဘီး ☐Â ဆိုင်ကယ် ☐ Â ကား ☐			ခြေလျင် ☐ Â စက်ဘီး ☐ Â ဆိုင်ကယ် ☐ Â ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*									
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း☐ သင့်☐Â ညံ့☐			ကောင်း☐ သင့်☐Â ညံ့☐			ကောင်း☐ သင့်☐Â ညံ့☐		
စ။ကျောင်းသုံးပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်☐ Â မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☐Â မလုံလောက်ပါ ☐ Â			လုံလောက်မှုရှိသည်☐Â မလုံလောက်ပါ ☐		
ဆ။ ကျောင်းအိမ်သာအခြေ အနေ	ကောင်း ☐ သင့် ☐Â ညံ့ ☐မရှိ ☐			ကောင်း ☐ သင့် ☐Â ညံ့ ☐မရှိ ☐			ကောင်း ☐ သင့် ☐Â ညံ့ ☐Âမရှိ ☐		
ဈ။ ကျောင်းအာဟာရတိုက် ကျွေးမှု	တိုက်ကျွေးမှုရှိသည်☐Â တိုက်ကျွေးမှု မရှိပါ☐			တိုက်ကျွေးမှုရှိသည်Â တိုက်ကျွေးမှုမရှိပါ☐			တိုက်ကျွေးမှုရှိသည်Â တိုက်ကျွေးမှု မရှိပါ☐		
ဇ။ ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	၃	၇	၁၀						
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက(က၊ ခ၊ ဂ)ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်း ဧရိယာ(စတုရန်းပေ=အလျား×အနံ)သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်း အဆောက် အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စာသင်ကျောင်းအခြေအနေမှာ အဓိုးရစာသင်ကျောင်း ယခုအခါ အလယ်တန်းကျောင်းခွဲကျောင်းသည် တရွာလုံး၏ စိုက်ထည့်ပါဝင်သော ကိုယ်ထူကိုယ်ထကျောင်းဖြစ်သည်၊ စီးပွားရေးအခြေအနေပေါ်မူတည်၍ ထည့်ဝင်ရသည်။၂ ထပ်ကျောင်းတခုနှင့်၁ ထပ်ကျောင်းဆောင် စုစုပေါင်း (၂)ခု ရှိပါသည်။ ရေလောင်းအိမ်သာ၂ ခန်းတွဲတစ်ခုနှင့်ဆရာ/ဆရာများအတွက် စုစုပေါင်း(၂)ခုရှိပါသည်။ အဝေးမှ တာဝန်ကျဆရာ၊ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ၁ခု ဆောက်ပေးထားပါသည်။ ရေအတွက် ယူအင်ဟဲပီးတက်မှစက်နှင့်အဝီစိတွင်းလှူဒါန်းထားပြီး ရေဂါလံ(၃၀၀၀)ဆံ့ ရေလောင်ကန် တစ်ခု ရှိပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

စဉ်	*ရောဂါ*	*ပုံနှိပ်မှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှောဝ	*မြင့်*□	*နိမ့်*□ Â	*မရှိ*□
၂	သွေးလွန်တုပ်ကွေး	*မြင့်*□	*နိမ့်*□ Â	*မရှိ*□
၃	ငှက်ဖျား	*မြင့်*□	*နိမ့်*□	*မရှိ*□ Â
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်*□	*နိမ့်*□	*မရှိ*□ Â
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	*မြင့်*□	*နိမ့်*□	*မရှိ*□ Â
၆	တီဘီ	*မြင့်*□	*နိမ့်*□Â	*မရှိ*□
၇	ဆီးချို	*မြင့်*□	*နိမ့်*□ Â	*မရှိ*□
၈	သွေးတိုး	*မြင့်*□	*နိမ့်*□ Â	*မရှိ*□
၉	အသည်းရောဂါ(ဘီ၊ စီ)	*မြင့်*□	*နိမ့်*□ Â	*မရှိ*□
၁၀	အာဟာရချို့တဲ့မှု	*မြင့်*□	*နိမ့်*□	*မရှိ*□ Â
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	*မြင့်*□	*နိမ့်*□	*မရှိ*□ Â

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု(၂) ကျေးလက် ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျန်းမာရေးအနေဖြင့် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး ကျန်းမာရေးဆရာမတစ်ဦးအမြဲရှိပါသည်။ အခြားပြင်ပကျန်းမာရေးအဖွဲ့နှင့်ဆက်သွယ်၍ မိခင်နှင့်ကလေးသူငယ် အဖွဲ့မှ လုပ်ဆောင်လျက်ရှိပါသည်။တိုက်နယ်ဆေးရုံနှင့်လဲ(၂)မိုင်(၃)ဖာလုံဝေးပြီး လူငယ်ပရဟိမ္မ လူမှုကူညီရေး ကားဖြင့် ပို့ဆောင်ပေးပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	*ရှိ*	*မရှိ*

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	Â	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	Â	
၃	ပိုလီယိုရောဂါ	Â	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	Â	
၅	ဝက်သက်ရောဂါ	Â	
၆	အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု**	Â	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	Â	
၈	အာဟာရ ပညာပေး အစီအစဉ်	Â	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု၊ (၂)ကျေးလက်ကျန်းမာရေး ဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှုများ ရှိပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ဌာနခွဲ	၀ မှ ၁ မိုင် ☐ Â ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ Â မရှိ ☐
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ Â ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐Â မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐ Â	ရှိ ☐ Â မရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက် ကျန်းမာရေး ဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးလက်ကျန်းမာရေးဌာနခွဲ ရွာတွင်ရှိပြီး အမြဲတမ်းဆရာမတစ်ဦး ရှိပါသည်။ တိုက်နယ်ဆေးရုံနှင့်မြို့နယ်ဆေးရုံမှာလဲမဝေးလှပါ။လမ်းပန်းဆက်သွယ်ရေးမှာလည်း ရာသီမရွေးအချိန်မရွေး

သွားလာနိုင်ပြီး လူမှုကူညီရေးကားလဲရွာတွင်အဆင့်သင့်ရှိပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေအရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊နွေ)
ရေတွင်း	-	ကောင်း□ သင့်□ ညံ့□	
အဝိစိတွင်း/စက်တပ်	၁၅၀	ကောင်း□ Â သင့်□ ညံ့□	
အဝိစိတွင်း/ တုံကင်	-	ကောင်း□ သင့်□ ညံ့□	
မိုးရေ သိုလှောင်ကန်	၆၂	ကောင်း□ သင့်□ Â ညံ့□	
မြစ်/ချောင်းရေ	-	ကောင်း□ သင့်□ ညံ့□	
ရေကန်	-	ကောင်း□ သင့်□ ညံ့□	
စိမ့်စမ်းရေ	-	ကောင်း□ သင့်□ ညံ့□	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြဓမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ တချိန်တခါက လက်ငင်ရေတွင်းနှင့်ရေကန်များကို သုံးစွဲသော်လည်း ယခုအခါ အိမ်ခြေ(၂၁၂)စု တွင် ကိုယ်ပိုင်စက်တပ်အဝိစိတွင်း(၁၄၁)တွင်းရှိပါသည်။ဟဲဘီးတင့်မှလှူဒါန်းထားသော စာသင်ကျောင်းတွင် စက်တပ်အဝိစိတွင်းနှင့်မိခင်နှင့်ကလေးအဖွဲ့မှလှူဒါန်းထားသော စက်တပ်အဝိစိတွင်း ရှိသဖြင့် ရေအတွက်စိုးရိမ်မှုမရှိပါ။ လွယ်ကူစွာသုံးစွဲနိုင်ပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၂၁၂
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂) ဦးတည်အုပ်စုဆွေးနွေးခြင်း ရပ်မိရပ်ဖ အုပ်စု၊အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးလက်ကျန်းမာရေးဌာနမှ ယင်လုံအိမ်သာအတွက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ ပြင်ပအဖွဲ့အစည်းများမှလည်း အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း ဆောင်ရွက်ပေးပါသည်။ ယင်လုံအိမ်သာဆောက်လုပ်လှူဒါန်းသဖြင့် အိမ်တိုင်းမှာ လုံ(၃)လုံနှင့်ပြည့်စုံသော အိမ်တိုင်းများရှိပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	မရှိပါ။
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ)	မရှိပါ။
၃	ရေကြီးခြင်း	မရှိပါ။
၄	မိုးခေါင်ခြင်း	မရှိပါ။
၅	အအေးလွန်ကဲခြင်း	မရှိပါ။
၆	မုန်တိုင်း	မရှိပါ။
၇	ငလျင်	မရှိပါ။
၈	မီးဘေး	မရှိပါ။
၉	ဆားငန်ရေဝင်မြေ	မရှိပါ။
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မရှိပါ။
၁၁	သစ်တောပြုန်းတီးခြင်း	မရှိပါ။
၁၂	ငှက်ဖျားရောဂါ	မရှိပါ။
၁၃	တီဘီရောဂါ	မရှိပါ။
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိပါ။
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိပါ။
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မရှိပါ။
၁၇	လူကုန်ကူးခြင်း	မရှိပါ။
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မရှိပါ။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေမှာ ထိခိုက်သက်ရောက်မှုမရှိပါ။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	လတ်	အသင့်တင့်
အပင်မျိုးစိတ်များ	လတ်	အသင့်တင့်
ရေအရင်းအမြစ်	နိမ့်	
ငါးမျိုးကွဲများ	မရှိ	
အခြားတိရစ္ဆာန်မျိုးကွဲများ	မရှိ	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သဘာဝပတ်ဝန်းကျင်တွင် ပျက်စီးမှုနည်းပါးပြီး သဘာဝအရင်းအမြစ်အနေဖြင့် လတ်တလော ထန်းပင်များ၊ ထန်းတောများ ပြုန်းတီးလျက်ရှိပါသည်။

(၁၀) ကျား - မ ရေးရာ

စဉ်	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက် သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ* □	*မရှိ* □ Â
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ* □ Â	*မရှိ* □

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့တွင် အမျိုးသမီးပါဝင်မှုအားနည်းသော်လဲ သူနေရာနှင့်သူ ပါဝင်ပြီး တက်ကြွစွာလုပ်ဆောင်လျက်ရှိပါသည်။

မြို့နယ်ဘုတလင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

ဝက်လူးအိုင်ကျေးရွာအုပ်စု၊ မုံအိုကျေးရွာ၊

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးနေလင်း		၅/ဘတလ(နိုင်) ၀၃၇၇၆၂		ကော်မတီဥက္ကဋ္ဌ	၀၉-၄၀၀၄၀၂၂၃၃
၂	ဦးဆန်းဝင်း		၅/ဘတလ(နိုင်) ၀၃၇၇၆၂		ဒု-ကော်မတီဥက္ကဋ္ဌ	၀၉-၄၇၂၃၁၂၈
၃	ဦးအောင်မင်း		၅/ဘတလ(နိုင်) ၀၃၇၈၅၀		အတွင်းရေးမှူး	
၄	ဒေါ်အိအိခိုင်		၅/ဘတလ(နိုင်) ၀၇၇၀၈၈		ဘဏ္ဍာရေးဥက္ကဋ္ဌ	-
၅	ဒေါ်အေးမော်		၅/ဘတလ(နိုင်) ၀၅၄၅၈၅		စာရင်းကိုင်	၀၉-၄၅၀၀၁၅၆၄၅
၆	ဦးသန်းမြင့်		၅/ဘတလ(နိုင်) ၀၃၈၀၀၂		စာရင်းကိုင် -၂	၀၉-၄၄၂၉၁၇၄၅
၇	ဦးလှဦး		၅/ဘတလ(နိုင်) ၀၆၁၁၄၀		အဖွဲ့ဝင်	၀၉-၉၇၈၉၉၈၃၅၆
၈	ဦးရွှင်		၅/ဘတလ(နိုင်) ၀၃၈၆၃၃		အဖွဲ့ဝင်	၀၉-၂၅၃၃၀၀၈၄၆
၉	ဦးသန်းလှိုင်		၅/ဘတလ(နိုင်) ၀၃၇၉၅၄		အဖွဲ့ဝင်	-
၁၀	ဦးမြင့်ဟိန်း		၅/ဘတလ(နိုင်) ၀၆၆၉၄၁		အဖွဲ့ဝင်	-